အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်း တပ်မတော်၏ ထိုးစစ်ဆင်မှုအပေါ်

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သဘောထားထုတ်ပြန်ချက်

၂၀၂၀ ခုနှစ် ဧပြီလ ၉ ရက်

လက်ရှိ ကမ္ဘာတဝန်းလုံးတွင် Coronavirus (COVID-19) ရောဂါပျံ့နှံ့မှုများကြောင့် လူအများအပြား ထိခိုက်၊ တုန်လှုပ်နေသည့် အခြေအနေနှင့် ပတ်သက်၍ နိုင်ငံပေါင်းများစွာမှ ထိုကိစ္စအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ရန် နည်းလမ်းများ ရှာဖွေချိန်တွင် မြန်မာနိုင်ငံမှ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ထိုးစစ်ဆင်မှုများ ပြင်းထန်နေပါသည်။ ထို့ကြောင့်လက်ရှိ ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေး၊ ဖက်ဒရယ် ဒီမိုကရေစီရေးအတွက် အလှမ်းဝေးစေနိုင်သည့်အပြင် တိုင်းရင်းသားဒေသ နှင့် တိုင်းရင်းသားပြည်သူလူထုများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်မှုမရှိသည့်အတွက် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် လွန်စွာ စိုးရိမ်မိပါသည်။

နိုင်ငံအတွင်း COVID-19 ရင်ဆိုင်ကြုံတွေ့နေသည့်ကာလတွင် တပ်မတော်မှ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်အတွင်းတွင် တိုက်ပွဲများ၊ ထိုးစစ်ဆင်မှုများ မြင့်တက်လာတာကို တွေ့ရပါသည်။ ယခုအချိန်ကာလတွင် တိုင်းရင်းသားဒေသတွင်း ထိုးစစ်ဆင်မှုကြောင့် ပြည်သူလူထုများ ဓားစာခံအဖြစ် အသက်ဆုံးရှုံးခဲ့ရခြင်း၊ မတရားဖမ်းဆီး ခံရခြင်း၊ နေရပ် နှင့် အိုးအိမ်စွန့်ခွာရပြီး စစ်ဘေးရှောင် ဒုက္ခသည်များ တိုးပွားလာခြင်းစသည့် လူ့အခွင့်အရေး ချိုးဖောက်မှု များသည် တနေ့ထက် တနေ့ ပိုမိုများပြားလာသည်ကိုတွေ့ရပါသည်။

၂၀၂၀ ခုနှစ် မတ်လ ပထမပတ်မှ စတင်၍ တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA) တို့ကြားတိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားပြီး ရခိုင်ပြည်နယ်နှင့် ထိစပ်နေသည့် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင် အရပ်သား (၃၀၀၀) ကျော်တွင် နေအိမ်များမှ ထွက်ပြေးတိမ်းရှောင် နေကြရပြီး၊ မြန်မာ့တပ်မတော် ရဟတ်ယာဉ်မှ ပစ်ချလိုက်သည့် ဗုံးဆန်များကြောင့် အပစ်မဲ့ အရပ်သား (၂၁) ဦး သေဆုံးကာ ရွာသူရွာသား (၂၄) ဦးထက်မက ထိခိုက်ဒဏ်ရာရရှိခြင်း၊[1] မတ် (၂၃) ရက်နေ့ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ချဲ့တောင် ချင်းတိုင်းရင်းသား ကျေးရွာ တွင် အသက် (၉ )နှစ် အရွယ် ကလေးငယ် တဦးမှာ ဗုံးဆန် ထိမှန်မှုကြောင့် သေဆုံးခဲ့ပြီး၊ (၁၅) ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။[2]

တပ်မတော် နှင့် AA ကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားသောကြောင့် ရခိုင်မြောက်ပိုင်းတွင် တိုက်ပွဲကြောင့် နေရပ်စွန့်ခွာထွက်ပြေး နေရသည့် စစ်ရှောင် (၁၅၀၀၀၀) ကျော်ရှိလာသည်။[3] တိုက်ပွဲများကြောင့် ရွာသူရွာသားများ၏

[1] https://burma.irrawaddy.com/news/2020/03/18/218373.html
[2] https://burma.irrawaddy.com/news/2020/03/25/219092.html
[3] https://burmese.voanews.com/a/rakhine-refugee-/5347926.html?fbclid=IwAR1mPMovynsXr6OwKxn7y5-NnVlsjvdU_Gi-l7cReSyyWHiupdxyQzZLnRM

အိုးအိမ် ပျက်ဆီးဆုံးရှုံးခြင်း၊ သက်ကြီး ရွယ်အိုများ၊ အမျိုးသမီးများ နှင့် ကလေးငယ်များအတွက် လွတ်လပ်စွာ သွားလာအသက်ရှင် နေထိုင်နိုင်ရေးကို ခြိမ်းခြောက်နေသည် သာမက ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခြင်း နှင့် သတင်းအမှောင်ချခြင်းများကြောင့် လွတ်လပ်စွာ သတင်းရယူမှု နှင့် ဖြန့်ဝေမှုအတွက် အဟန့်အတား ဖြစ်စေသည်။ ရခိုင်ပြည်နယ် (၈) မြို့နယ် နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ် စုစုပေါင်း (၉)မြို့နယ်တွင် အင်တာနက်လိုင်းဖျက်တောက်ခြင်း၊ လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်းများ ကိုတွေ့ရသည်။

တိုက်ပွဲများ တင်းမာမှုကြောင့် ၂၀၂၀ ခုနှစ် မတ်လ (၂၃) ရက်နေ့တွင် နိုင်ငံတော်သမ္မတသည် ရက္ခိုင့်တပ်မတော် (AA) ကို အကြမ်းဖက်အဖွဲ့ နှင့် မတရားအသင်းအဖြစ် ကြေညာခဲ့ခြင်းသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန် စိန်ခေါ်မှု တရပ်ဖြစ်ကြောင်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ယူဆသည်။ ထိုကြောင့် ယခု လုပ်ဆောင်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အားလုံးပါဝင်နိုင်ရေးမှုအတွက် အကောင်အထည်ဖော်ရန် ခက်ခဲသွားမည် ဖြစ်ပြီး ပြည်တွင်းစစ်မီးများ မငြိမ်းသတ်နိုင်ဘဲ တိုင်းရင်းသား လက်နက်ကိုင်များအားလုံး မပါဝင်နိုင်ပါက မိမိတို့ လိုချင်သည့် စစ်မှန်သော ငြိမ်းချမ်းရေး ကိုရရှိနိုင်မည် မဟုတ်ကြောင်းသုံးသပ်မိသည်။

ထိုနည်းတူ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် စစ်ပွဲကြောင့် စစ်ဘေးရှောင် စုစုပေါင်း (၇၀၀၀) ကျော် နေရပ်စွန့်ခွာပြီး စိုးရိမ်ကြောက်ကြ မလုံခြုံသည့် ဘဝကို ဖြတ်သန်း နေရဆဲဖြစ်သည်ကို တွေ့ရသည်။ ဆက်လက်ပြီး ၂၀၁၅ ခုနှစ် တွင် တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ထိုးထားသည့် ကေအဲန်ယူ နှင့် RCSS/SSA ကို တပ်မတော်က ထိုးစစ်ဆင်မှု မကြာခဏ ပြုလုပ်တာကို တွေ့ရသည်။

၂၀၁၉ ခုနှစ် နှင့် ၂၀၂၀ မတ်လ အထိ ကေအဲန်ယူ နှင့် တပ်မတော်တို့ ဖြစ်ပွားသည့် တိုက်ပွဲများမှာ ယခင်ကထက် ပိုမို ပြင်းထန်ခဲ့သည်။ တပ်မတော် မှ ကေအဲန်ယူ ထိန်းချုပ်နယ်မြေတွင် ကေအဲန်ယူ သဘောတူညီမှုမရှိဘဲ လမ်းမကြီး တည်ဆောက်ခြင်းကြောင့် တိုက်ပွဲများ ထပ်မံစတင်လာခဲ့သည်။ ၂၀၂၀ ခုနှစ် မတ်လ အထိ တပ်မတော် ဘက်မှ လက်နက်ကြီးများ ပစ်ချခြင်းကြောင့် ဖာဘွန်ခရိုင် (မူတြော်) ဒေသရှိ ပြည်သူ ၂၀၀၀ ကျော်မှာ အိုးအိမ် စွန့်ခွာ ထွက်ပြေးရခြင်း၊ နေ့စဉ် စိုးရိမ် ကြောင့်ကြမှု ဖြင့် အသက်ရှင် နေထိုင်ရခြင်း နှင့် ကူညီထောက်ပံ့မှု မရှိခြင်းကြောင့် စိန်ခေါ်မှု များစွာ ရင်ဆိုင်ကြုံတွေ့နေရသည်။ [4]

အလားတူ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် မှ စတင်ကာ တပ်မတော်သည် RCSS/SSA တပ်စခန်းရှိသည့် ရှမ်းပြည် တောင်ပိုင်း မိုင်းကိုင်မြို့နယ် လွယ်တောင်းတောင် စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မိုင်းကိုင် မြို့နယ် နှင့် ကျေးသီးမြို့နယ် ရှိ ဒေသခံ နေရပ်စွန့်ခွာခဲ့ရသည်။ တိုက်ပွဲကြောင့် ဒေသခံ၏ နေအိမ်များ လက်နက်ကြီးထိမှန်ခြင်း၊ လယ်ယာမြေများ ပျက်စီးခြင်းလည်း ဖြစ်ပွားခဲ့သည်။ ထို့ပြင် မတ်လ ၂၈ ရက်နေ့တွင် တပ်မတော် နှင့် RCSS/SSA သည် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းတုံမြို့နယ်တွင် တိုက်ပွဲများ ဖြစ်ပွားပြီး၊ တပ်မတော်မှ မိုင်းအစ် ကျေးရွာ ဥက္ကဌ နှင့်ဒေသခံတဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

---

[4] http://karennews.org/2020/02/burma-army-attacks-displaces-300-karen-villagers-as-suu-kyi-tours-karen-state/?fbclid=IwAR0Y27w_HMfocjJLE2OvUoEOY9uE5se8FfkIWLODdiFmHUpcFRko2hJx5nY

အဆိုပါ အချက်အလက်များကို ကြည့်ခြင်းအားဖြင့် တပ်မတော်သည် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်သော်လည်း နိုင်ငံရေး ဆန္ဒမရှိခြင်း၊ တိုင်းရင်းသား ဒေသအတွင်း တပ်စခန်းများတိုးချဲ့ခြင်း နှင့် ဖွဲ့စည်းပုံ ပြင်ဆင်ရေးမှာလည်း မိမိတို့ အာဏာ တည်မြဲရေး အတွက်သာ ကြိုးပမ်းအားထုတ်နေခြင်းတွေ့ရသည်။

ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားသော အစိုးရသည် ငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်စဉ်ကို သေချာနားလည်မှု မရှိခြင်း၊ အလေးမထားခြင်း၊ တိုင်းပြည် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန် တာဝန်ယူမှု အားနည်းခြင်းနှင့် ပြည်သူလူထု အတွက် အခြေခံ လိုအပ်ချက်များကို ထောက်ပံ့ပေးရန် မစွမ်းဆောင်နိုင်သော အစိုးရ ဖြစ်ကြောင်း သုံးသပ်သည်။

လက်ရှိ အစိုးရသည် ဒီမိုကရေစီအစိုးရဟု ခံယူထားသော်လည်း နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ သွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာ သတင်းရယူခွင့်များ ပိတ်ပင်တားဆီးခြင်း နှင့် တပ်မတော်မှ NCA ပါအချက်များကို သိသိသာသာ ချိုးဖောက်ခြင်း စသည့်လုပ်ရပ်များသည် ဒီမိုကရေစီ၏ စံချိန်စံနှုန်းနှင့် သွေဖီနေသောကြောင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် ကြီးမားသော စိန်ခေါ်ချက်တစ်ရပ်ဖြစ်သည်။ ဆက်လက်ပြီး လွှတ်တော်ထဲမှာလည်း ဖွဲ့စည်းပုံပြင်ဆင်ရေးတွေ တရှိန်အဟုန် ကြိုးစားနေချိန်မှာ တပ်မတော်က ပူးပေါင်းပါဝင်မှု အားနည်းနေသည့်အပိုင်း၊ လက်မခံသည့်အပိုင်းများ ရှိနေသည်ကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က တွေ့မြင်ရပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ငြိမ်းချမ်း၍ တရားမျှတသော လူ့ဘောင် အဖွဲ့အစည်း သို့ ရှေ့ရှု၍ အမျိုးသမီး များ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။ ထို့ကြောင့် မည်သည့် အကြမ်းဖက်မှုမျိုးမဆို လုံးဝ လက်မခံသည့် ပေါ်လစီ (Zero Tolerance Policy) ကို လက်ခံကျင့်သုံး သည် သာမက တိုင်းပြည်ငြိမ်းချမ်းရေး နှင့် လူမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အဟန့်အတား ဖြစ်စေသည့် မည်သည့် တိုက်ပွဲများနှင့် ပဋိပက္ခများကို မဆို ပြင်းပြင်းထန်ထန် ရှုတ်ချပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် အောက်ပါ အချက်များကို အစိုးရ၊ တပ်မတော် နှင့် သက်ဆိုင်ရာ လက်နက်ကိုင် အဖွဲ့အစည်းများ၊ တာဝန်ရှိသူများကို လေးလေးနက်နက် တိုက်တွန်း တောင်းဆိုလိုက်ပါသည်။

၁။ လက်ရှိဖြစ်ပွားနေသော တပ်မတော်နှင့် AA ကြားသော်လည်းကောင်း တိုင်းရင်းသား အချင်းချင်းကြားတွင် သော်လည်းကောင်း တိုက်ပွဲများ ကို ချက်ခြင်းရပ်တန့်ပေးရန်၊

၂။ တိုင်းရင်းသား ဒေသအတွင်း တပ်မတော်၏ တပ်စခန်းများ ရုပ်သိမ်းပေးရန်၊

၃။ NCA ကို သဘောတူ လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့အားလုံးသည် NCA ပါအချက်အရ လိုက်နာဆောင်ရွက်ရန်၊

၄။ တိုင်းရင်းသား ဒေသများတွင် တပ်မတော်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ချက်ခြင်းရပ်တန့်ပြီး၊ တိုက်ပွဲများ ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ထိုသူတို့၏ ပျက်စီးဆုံးရှုံးမှုများအတွက် တပ်မတော်နှင့် တာဝန်ရှိသူများမှ တာဝန်ယူမှု တာဝန်ခံမှု ရှိရန် နှင့် ထောက်ပံ့ကူညီမှုများလုပ်ဆောင်ပေးရန်။

၅။ ပြည်သူလူထု အတွက် အခြေခံကျသော အခွင့်အရေး ဖြစ်သည့် သတင်းရယူလက်ခံပိုင်ခွင့်ရရှိရန် အတွက် အင်တာနက်လိုင်း၊ ဖုန်းလိုင်းနှင့် အခြားဆက်သွယ်ရေး လိုင်းများကို ချက်ခြင်းဖွင့်လှစ်ပေးရန်၊

၆။ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ တက်ကြွလှုပ်ရှားသူများအား ဖက်ဆီးခြင်းမှ ချက်ချင်းရပ်တန့်ရန် နှင့် ချက်ခြင်းပြန်လွှတ်ပေးရန်၊

၇။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း COVID-19 နှင့် ပတ်သက်ပြီး ပြည်သူများအား အမှန်အတိုင်း ပွင့်လင်းမြင်သာစွာ ချပြရန် နှင့် ကာကွယ်တိုက်ဖျက်ရေး အပါအဝင် ပြည်သူများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

၈။ နိုင်ငံတော်အစိုးရ အနေဖြင့် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေသည့် အချိန်ကာလပတ်တွင် အမျိုးသမီးနှင့် ကလေးငယ်များအတွက် ကာကွယ်မှုများထိရောက်စွာ ပြုလုပ်နိုင်ရန်အတွက် ထောက်ပံ့ခြင်းအစီအစဉ်များ ပြုလုပ်ပေးရန်၊

၉။ အစိုးရ၊ တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှလည်း စစ်ပွဲများရပ်တန့်ပြီး အများပြည်သူများအား COVID-19 နှင့် ပတ်သက်ပြီး ကာကွယ်နိုင်ရန် ပညာပေးအစီအစဉ်များ အမြန်ဆုံး အကောင်အထည်ဖော်လုပ်ဆောင်စေရန်၊

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဆက်သွယ်ရန်

နော်ဆဲဆဲ - အထွေထွေအတွင်းရေးမှူး (+၉၅ ၉ ၇၈၂ ၇၁၅ ၃၅၆)

နာဗစ်ဘွန် - မူဝါဒရေးရာဦးဆောင်အဖွဲ့ (+၆၆ ၈၁၀ ၃၀၆ ၃၇၀)

ငြိမ်းငြိမ်းထွန်း - မူဝါဒရေးရာဦးဆောင်အဖွဲ့ (+၉၅ ၉ ၄၅၂ ၇၄၆ ၇၅၅)